၂။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကွပ်ကဲ ဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လည်းကောင်း ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် သတ်မှတ်ထားသော တာဝန်များအတိုင်း တိကျစွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးတစ်ရုံးစီ၏ လုပ်ငန်းပမာဏကို လေ့လာဆန်းစစ်၍ လုပ်ငန်းပမာဏနှင့်လျော်ညီသော ဝန်ထမ်းအင်အားကို တစ်နိုင်ငံလုံး၏ ဖွဲ့စည်းပုံအင်အားဘောင်အတွင်းမှ ထားရှိရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ အရည်အသွေးတိုးတက်လာရေးအတွက် လုပ်ငန်းခွင်သင်ကြားရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကိုလည်းကောင်း၊ တရားစီရင်ရေးကဏ္ဍတွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝစေရန် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေး၊ သုတေသနပြုရေးကိစ္စများအတွက် အစီအစဉ်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်အပေါ် ဝန်ထမ်းများထားရှိရမည့် သဘောထားခံယူချက် မှန်ကန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(စ) တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်၊

(ဆ) ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်၊

(ဇ) အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု တားဆီးရေးနှင့် ဖော်ထုတ်အရေးယူရေးအတွက် စီမံချက်များရေးဆွဲ၍ စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဈ) တရားစီရင်ရေးလုပ်ငန်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်မည့်စနစ်နှင့် နည်းပညာများအသုံးပြုနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်သို့ အဆိုပြုတင်ပြတောင်းခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရသုံးမှန်းခြေငွေစာရင်း ထည့်သွင်းလျာထားရန်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး လမ်းညွှန်မှုပြုရန်၊

(ဋ) နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံသုံးစွဲခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဌ) နိုင်ငံတော်ဘဏ္ဍာငွေများ ခြိုးခြံချွေတာသုံးစွဲမှုကိုရှေးရှု၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ ငွေကြေးသုံးစွဲမှုများကို တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ခြိုးခြံချွေတာစွာ သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

၃။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပသွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇၁/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ဤရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အဓိပ္ပာယ်ဖော်ပြချက်**

၁။ **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ် ရွေးကောက်ပွဲများလည်း ပါဝင်သည်။

၂။ **ကော်မရှင်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဆိုသည်။

၃။ **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၄။ **မဲဆန္ဒနယ်** ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် သတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ်ကို ဆိုသည်။

၅။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းဒေသကြီးအသီးသီး သို့မဟုတ် ပြည်နယ်အသီးသီးကို ဆိုသည်။

၆။ **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

၇။ **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

၈။ **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

၉။ **ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့** ဆိုသည်မှာ အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းများအား

စောင့်ကြည့်လေ့လာရန်အတွက် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ အသိအမှတ် ပြုလွှာရရှိထားသော မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းကို ဆိုသည်။

၁၀။ **ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ** ဆိုသည်မှာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့က တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းများအား စောင့်ကြည့်လေ့လာရန်အတွက် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ သက်သေခံ ကတ်ပြား ရရှိထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။

၁၁။ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်တိုင်း၌ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ဆိုသည်။

၁၂။ **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ ကော်မရှင်က ထုတ်ပြန်ထားသော စည်းမျဉ်းများကို လိုက်နာရန် ဝန်ခံကတိပြုထားသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ဆိုသည်။

၁၃။ **သက်သေခံကတ်ပြား** ဆိုသည်မှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းစီအား ရွေးကောက်ပွဲလုပ်ငန်းများစောင့်ကြည့်လေ့လာနေစဉ်ကာလအတွင်း အထောက်အထားအဖြစ် ထုတ်ပေး သည့် ကတ်ပြားကို ဆိုသည်။

## အခန်း (၂)
## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် သတ်မှတ်ချက်များ

၁၄။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ သူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) ပါတီစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲနှင့် ပုဂ္ဂိုလ်စွဲကင်းရမည်။

(ခ) ကော်မရှင်သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် အသိအမှတ်ပြုခံရသည့် အဖွဲ့/ပုဂ္ဂိုလ် ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၃)
## အသိအမှတ်ပြုရန်လျှောက်ထားခြင်း

၁၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းအဖွဲ့များသည် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်အတွက် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က သတ်မှတ်ထားသည့်လျှောက်လွှာ **(ပူးတွဲ က)**၊ **(ပူးတွဲ က-၁)** နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့၏ ဝန်ခံကတိပြုလွှာ **(ပူးတွဲ ဃ)** တို့ကို ရယူဖြည့်သွင်း၍ အသိအမှတ်ပြုရန် လျှောက်ထားရမည်။ ယင်းပုံစံများကို ကော်မရှင် website မှ ရယူနိုင်သည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသည့် ပြည်တွင်းအဖွဲ့များသည် အသိအမှတ်ပြုလျှောက်လွှာ နှင့်အတူ အဖွဲ့၏ ဝန်ခံကတိပြုလွှာကို ပူးတွဲ၍ အောက်ဖော်ပြပါအတိုင်း လျှောက်ထားရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက ကော်မရှင်တွင် လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

၁၇။ အသိအမှတ်ပြုရန်လျှောက်လွှာကို ကော်မရှင်က သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားရမည်။

**အခန်း (၄)**

**အသိအမှတ်ပြုလျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း**

၁၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အသိအမှတ်ပြုလျှောက်လွှာများကို အောက်ပါနည်းလမ်းများအတိုင်း စိစစ်ဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသော ပြည်တွင်းအဖွဲ့များမှ တင်သွင်းလာသော လျှောက်လွှာများကို စာရွက်စာတမ်းများပြည့်စုံခြင်း ရှိ မရှိ လျှောက်လွှာလက်ခံရရှိချိန်မှစ၍ **၃ ရက်** အတွင်း စိစစ်ရမည်။

(ခ) စာရွက်စာတမ်းမပြည့်စုံသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသောအဖွဲ့များအား စာရွက်စာတမ်းများ ပြည့်စုံစွာဆောင်ရွက်ရန်အတွက် အကြောင်းကြားစာရရှိသည့်နေ့ရက်မှစ၍ **၅ ရက်** အတွင်း ပြန်လည်တင်ပြရန်အတွက် မှတ်ချက်ဖြင့်ပေးပို့ရမည်။

(ဂ) လျှောက်ထားလွှာများ၊ စာရွက်စာတမ်းများပြည့်စုံစွာရရှိပြီးနောက် စိစစ်ပြီးသည့်နေ့မှစ၍ **၇ ရက်** အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားရမည်။

၁၉။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကော်မရှင်သည် အခန်း (၂) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာလိုသောအဖွဲ့များအား အသိအမှတ်ပြုလွှာထုတ်ပေးပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် အခန်း (၂) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသဖြင့် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အမည်နှင့် အင်အားစာရင်းများကို ကော်မရှင်သို့ အဆင့်ဆင့်တင်ပြရမည်။

**အခန်း (၅)**

**အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း**

၂၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ရရှိသောအဖွဲ့သည် အသိအမှတ်ပြုလွှာကို ခွင့်ပြုသည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူရမည်။

၂၁။ အသိအမှတ်ပြုလွှာများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ခ)** ပါပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ (ခ-၁)** ပါပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

၂၂။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အသိအမှတ်ပြုလွှာ လျှောက်ထားစဉ် တင်ပြခဲ့သည့် စောင့်ကြည့်လေ့လာသူ အရေအတွက်အတိုင်း သတ်မှတ်ထားသည့် သက်သေခံကတ်ပြား (အလွတ်) များကို ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ အသိအမှတ်ပြုလွှာနှင့်အတူ **ပူးတွဲ (င)** ပါ ပုံစံပေါ်တွင် လက်မှတ်ရေးထိုး၍ တစ်ပါတည်းထုတ်ယူနိုင်သည်။

၂၃။ ကော်မရှင်ထံမှ အသိအမှတ်ပြုလွှာရရှိသော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့သည် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြား(အလွတ်)များကို ကော်မရှင်အဖွဲ့ခွဲများ တွင် ထုတ်ယူလိုပါက ထုတ်ယူလိုသည့် ကော်မရှင်အဖွဲ့ခွဲနှင့် ထုတ်ယူလိုသည့်အဖွဲ့ဝင်များ၏ အမည် စာရင်းတို့ကို ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၂၄။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား ကိုယ်စားပြုခွင့်ရှိသူသည် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ ဓာတ်ပုံကပ်ထားသော သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များမှ **ကတ်ပြားအမှတ်စဉ်နှင့် ထုတ်ပေးသည့်ရက်စွဲမှလွဲ၍** ပြည့်စုံစွာဖြည့်သွင်းရေးသားပြီး ရွေးကောက်ပွဲမကျင်းပမီ ၁၅ ရက်မတိုင်မီ အတွင်း ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ အမည်စာရင်းနှင့်အတူ ပြန်လည် ပေးပို့ရမည်။

၂၅။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံကပ်ထားပြီး လက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုလွှာ ပူးတွဲ **(ဃ-၁)** များကို သက်ဆိုင်ရာ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်က တာဝန်ယူထိန်းသိမ်းထားရမည်။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ကြည့်ရှုရန်တောင်းခံလာပါက ၃ ရက်အတွင်း ပေးပို့ရမည်။

၂၆။ သက်သေခံကတ်ပြားများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ဂ)** ပါ ပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ (ဂ-၁)** ပါ ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၆)
## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၂၇။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါ အချက်အလက်များပါဝင်ရမည်-

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့် ရက်စွဲ၊

(ခ) စောင့်ကြည့်လေ့လာသူအမည်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဃ) အဖွဲ့အမည်၊

(င) လေ့လာမည့်ဒေသ၊

(စ) ကုန်ဆုံးမည့်နေ့ရက်၊

(ဆ) စောင့်ကြည့်လေ့လာသူ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ ၁ ပုံ။

## အခန်း (၇)
## အသိအမှတ်ပြုလွှာသက်တမ်း

၂၈။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင်အသိအမှတ်ပြုလွှာ ရရှိပြီးချိန်မှစတင်ပြီး စောင့်ကြည့်လေ့လာရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂၉။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့် အချိန်မှစ၍ ရွေးကောက်ပွဲကျင်းပပြီးသည့်နောက် ရက်ပေါင်း ၉၀ အထိဖြစ်သည်။

**အခန်း (၈)**

**ရွေးကောက်ပွဲလေ့လာရေးနယ်မြေ**

၃၀။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုထံ အဆိုပြုတင်ပြထားခဲ့သည့် သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

**အခန်း (၉)**

**လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ**

၃၁။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာနိုင်သည်-

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊

(ခ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊

(ဂ) မဲပေးခွင့်ရှိသူအရေအတွက်၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ကြေညာခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်း၊

(င) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အတည်ပြုကြေညာခြင်း၊

(စ) ကြိုတင်ဆန္ဒမဲလက်မှတ်များရိုက်နှိပ်ခြင်း၊

(ဆ) မဲဆွယ်စည်းရုံးခွင့်ကာလ၊

(ဇ) မဲဆွယ်စည်းရုံးခြင်းရပ်နားသည့်ကာလ၊

(ဈ) ကြိုတင်ဆန္ဒမဲပေးခြင်း၊

(ည) စမ်းသပ်မဲပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊

(ဋ) ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များ၊

(ဌ) ရွေးကောက်ပွဲရလဒ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာခြင်း၊

(ဍ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

**အခန်း (၁၀)**

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေးနှင့်တာဝန်များ**

၃၂။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ယင်းတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါအခွင့်အရေးများရှိသည်-

(က) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ခ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များစာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊

(ဂ) မဲရေတွက်ရာတွင် မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်၊ (မဲရုံမှူးထံသတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(ဃ) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(င) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအားတွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံသို့ သိလျှင်သိချင်း အချိန်မီအသိပေးအကြောင်းကြားခွင့်။

၃၃။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အောက်ပါတာဝန်များရှိသည် -

(က) ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆိုင်ရာကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်၊

(ခ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အပိုဒ် ၃၄ တွင် ဖော်ပြထားသည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့်အခွင့်အာဏာတို့ကို လေးစားရန်၊

(ဃ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(င) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီ၏ ဝန်ခံကတိပြုလွှာများအား စာရင်းဇယားနှင့်တကွ စနစ်တကျ သိမ်းဆည်းထားရန်၊

(စ) မိမိတို့အဖွဲ့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူဦးရေနှင့် လေ့လာခဲ့သည့် မဲရုံအလိုက် အင်အားစာရင်း မှန်ကန်ကြောင်း မဲရုံမှူးထံမှ **ပူးတွဲ (စ)** ပါ ပုံစံနှင့် ထောက်ခံချက်ရယူရန်၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့ထံမှ ထုတ်ယူရရှိသည့် သက်သေခံကတ်ပြား (အလွတ်) များ ပျောက်ဆုံးခြင်းမရှိစေရန် အထူးဂရုပြုရမည်။ ပျောက်ဆုံးပါက ထုတ်ယူခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

(ဇ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့ထံ ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်၊

(ဈ) အစီရင်ခံစာရေးသားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားရန်၊

(ည) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အစီရင်ခံစာအား အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရန်၊

(ဋ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းဆောင်ရွက်မည့် မိမိတို့အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့်သိသင့်သိထိုက်သော အကြောင်းအရာများအား ကြိုတင်၍ အသိပညာပေး ဆွေးနွေးထားရန်။

၃၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါတာဝန်များရှိသည်-

(က) ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆိုင်ရာကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်၊

(ခ) ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံ မိမိလေ့လာမည့် နယ်မြေအလိုက် သတင်းပို့ရန်၊

(ဂ) လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲသူများမှ သက်သေခံကတ်ပြားအား စိစစ်ရန်တောင်းယူပါက ပြသရန်၊

(ဃ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့်အခွင့်အာဏာတို့ကို လေးစားရန်၊

(င) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(စ) လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ လေ့လာရန်၊

(ဆ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်၊

(ဇ) မိမိအားထုတ်ပေးထားသော သက်သေခံကတ်ပြားအား အခြားသူသို့ လွှဲပြောင်းပေးအပ်ခြင်း၊ အသုံးပြုစေခြင်းများ မပြုလုပ်ရန်၊

(ဈ) မဲရေတွက်ရာ၌ မဲရုံအတွင်း လေ့လာရာတွင် သတ်မှတ်ပေးထားသောနေရာမှသာ လေ့လာရန်နှင့် မဲရုံမှူး၏တာဝန်အရ ဆောင်ရွက်မှုအား လေးစားလိုက်နာရန်၊

(ည) မဲဆန္ဒရှင်များ၏ လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်နှင့် လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်တို့အား ထိခိုက်မှု မရှိစေရန်၊

(ဋ) ရွေးကောက်ပွဲကျင်းပပြုလုပ်သည့်ကာလအတွင်း မီဒီယာများအသုံးပြု၍ ရွေးကောက်ပွဲကို ထိခိုက်စေနိုင်သည့် အတည်မပြုရသေးသော သတင်းအချက်အလက်များကို ပြောဆိုခြင်း၊ ရေးသားခြင်း၊ ထုတ်လွှင့်ခြင်း၊ ဖြန့်ဝေခြင်း မပြုလုပ်ရန်။

၃၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် လေ့လာသူတစ်ဦးချင်းစီသည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို လိုက်နာရမည်။

## အခန်း (၁၁)
## အရေးယူခြင်း

၃၆။ အပိုဒ် ၃၃၊ ၃၄ နှင့် ၃၅ ပါ တာဝန်နှင့်လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ သို့မဟုတ် စောင့်ကြည့်လေ့လာသူတစ်ဦးဦးကို ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲတို့က ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၃၇။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးသည် တာဝန်နှင့် လိုက်နာရန် ကျင့်ဝတ်များအား ချိုးဖောက်ကျူးလွန်ပါက မဲရုံမှူး၏အမိန့်ဖြင့် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက ထိုသူအား မဲရုံနှင့် မဲရုံပရိဝုဏ်အတွင်းမှ ချက်ချင်းဖယ်ရှားနိုင်သည်။ ယင်းသို့ ဖယ်ရှားကြောင်းကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။

၃၈။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းဖြစ်စဉ်ကို အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။

၃၉။ တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော လေ့လာသူအား တိုင်ကြား လိုပါက တိုင်ကြားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အခြားခိုင်လုံသော သက်သေခံအထောက်အထား၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပြီး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့တိုင်ကြားရမည်။

၄၀။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် တိုင်ကြားစာကို စစ်ဆေးပြီးနောက် ချိုးဖောက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။ အကယ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ သို့မဟုတ် လေ့လာသူဖြစ်ပါက မိမိ ကိုယ်တိုင် အပိုဒ် ၄၁ ပါ အတိုင်း အရေးယူနိုင်သည်။

၄၁။ ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ် ကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာကို စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက အောက်ပါ အတိုင်း အရေးယူနိုင်သည်-

(က) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးက ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ၎င်းလေ့လာသူ၏ စောင့်ကြည့်လေ့လာခွင့်ကို ရုပ်သိမ်းခြင်း၊

(ခ) ယင်းသို့ စောင့်ကြည့်လေ့လာခွင့် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ယင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း။

## အခန်း (၁၂)

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ

၄၂။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့ထံ ၎င်းတို့၏ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာကို ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း (၉၀) အတွင်း တင်သွင်းရမည်။ အစီရင်ခံစာတွင် အချက်အလက်များနှင့် သက်သေအထောက်အထားများကို အခြေခံ၍ မှန်ကန်စွာ ရေးသားရမည်။

## အခန်း (၁၃)

## အထွေထွေ

၄၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်းအား ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

**ပူးတွဲ(က)**

### ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုပေးရန် တောင်းခံသည့် လျှောက်လွှာ

၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏အမည် ..........................................................

၂။ လိပ်စာ ..........................................................

၃။ တယ်လီဖုန်း ..........................................................

၄။ တာဝန်ခံပုဂ္ဂိုလ် ..........................................................

၅။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်-

(က) အမည် ..........................................................

(ခ) ရာထူး ..........................................................

(ဂ) လိပ်စာ ..........................................................

(ဃ) တယ်လီဖုန်း ...................... အီးမေးလ်လိပ်စာ ..........................................

၆။ အဖွဲ့ဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက် [အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်အမှတ်(မိတ္တူ)ကို ပူးတွဲတင်ပြရန်] ........

..........................................................

..........................................................

..........................................................

၇။ တောက်ပံ့သည့်အဖွဲ့အစည်းအမည်(ပြည်တွင်း/ပြည်ပ) ..........................................................

..........................................................

..........................................................

၈။　ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်များနှင့်ညှိနှိုင်း၍ ဆက်သွယ်လုပ်ကိုင်မည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ကိုယ်စားပြုခွင့်ရှိသော ပုဂ္ဂိုလ်များ၏အမည်များနှင့် ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ-

| တိုင်းဒေသကြီး/ ပြည်နယ် | အမည် | ရာထူးအမည် | ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ (ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ ....စသည်ဖြင့်) |
|---|---|---|---|
| | | | |
| | | | |

၉။　လေ့လာသူအရေအတွက် ..................................................................................................................

၁၀။　ကျွန်ုပ်တို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအားလုံးသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

**ပူးတွဲ(က-၁)**

**အဆိုပြုတင်သွင်းသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူစာရင်း**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ............................................................................

ဤရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူစာရင်းကို တင်သွင်းသည့်ပုဂ္ဂိုလ်၏ အမည်နှင့် တယ်လီဖုန်းနံပါတ် ...........
.........................................................................................................................................

(မှတ်ချက် ။　ဤပုဂ္ဂိုလ်သည် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၏ အသိအမှတ်ပြုလွှာရရှိထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ခွင့်ပြုထားသည့် ပုဂ္ဂိုလ်ဖြစ်ရပါမည်။)

| အမှတ်စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | လိပ်စာ အပြည့်အစုံ | ဆက်သွယ်နိုင်မည့် တယ်လီဖုန်း | လေ့လာမည့် ဒေသ | သက်သေခံကတ်ပြား ထုတ်ယူမည့် နေရာ |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |

အဆိုပြုတင်ပြထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများနှင့် ကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

ပူးတွဲ(ခ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ**

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့**

**အသိအမှတ်ပြုလွှာ**

(အမှတ်စဉ် ……………..၊ ရက်စွဲ ………………..)

၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်အတွက် အောက်ပါရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည် –

| | | |
|---|---|---|
| အဖွဲ့အမည် | : | ……………………………………………… |
| | | ……………………………………………… |
| လိပ်စာ | : | ……………………………………………… |
| | | ……………………………………………… |
| တာဝန်ခံပုဂ္ဂိုလ် | : | ……………………………………………… |
| ဆက်သွယ်ရန် | : | ဖုန်း……………….. Email ……………….. |
| လေ့လာမည့်ဒေသ | : | ……………………………………………… |
| ကုန်ဆုံးမည့်နေ့ရက် | : | ……………………………………………… |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ(ခ-၁)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**---------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

**၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ**

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့**

**အသိအမှတ်ပြုလွှာ**

(အမှတ်စဉ် ……………..၊ ရက်စွဲ ………………..)

၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်အတွက် အောက်ပါရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည်-

အဖွဲ့အမည် : ……………………………………………………
……………………………………………………

လိပ်စာ : ……………………………………………………
……………………………………………………

တာဝန်ခံပုဂ္ဂိုလ် : ……………………………………………………

ဆက်သွယ်ရန် : ဖုန်း……………….. Email ………………..

လေ့လာမည့်ဒေသ : ……………………………………………………

ကုန်ဆုံးမည့်နေ့ရက် : ……………………………………………………

ဥက္ကဋ္ဌ

………………………………..ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ပူးတွဲ(ဂ)

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသို့ ထုတ်ပေးမည့် သက်သေခံကတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြား

(ကတ်အမှတ်စဉ် ................၊ ရက်စွဲ ...................)

အမည် : ...................................

နိုင်ငံသားစိစစ်ရေး

ကတ်ပြားအမှတ် : ........................................

အဖွဲ့အမည် : ........................................

လေ့လာမည့်ဒေသ : ........................................

ကုန်ဆုံးမည့်နေ့ရက် : ........................................

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ(ဂ-၁)

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသို့ ထုတ်ပေးမည့် သက်သေခံကတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြား

(ကတ်အမှတ်စဉ် ................၊ ရက်စွဲ ..................)

| | | |
|---|---|---|
| အမည် | : | ........................................ |
| နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | : | ........................................ |
| အဖွဲ့အမည် | : | ........................................ |
| လေ့လာမည့်ဒေသ | : | ........................................ |
| ကုန်ဆုံးမည့်နေ့ရက် | : | ........................................ |

ဥက္ကဋ္ဌ

-------------------------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

( ဤကတ်ပြားအား မသက်ဆိုင်သူများသို့ လွှဲပြောင်းခြင်းမပြုရ )

[သက်သေခံကတ်ပြား၏နောက်ကျောဘက်တွင်]

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများလိုက်နာရန်

၁။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို လိုက်နာရန်၊

၂။ လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

၃။ ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

၄။ တရားဝင်အသိအမှတ်ပြုခြင်းခံရသည့်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

ပူးတွဲ (ဃ)

.................................... အဖွဲ့

### ဝန်ခံကတိပြုလွှာ

၁။ ကျွန်ုပ်တို့အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမည်ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့အဖွဲ့သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့်သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်းနှင့် ဆက်စပ်ပတ်သက်သော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိပါ။

၃။ ကျွန်ုပ်တို့အဖွဲ့သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကိုပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက် အဟန့်အတား ဖြစ်စေမည့် ကိုယ်ကျိုးဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ ကျွန်ုပ်တို့အဖွဲ့သည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့တွင် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ဤကျင့်ဝတ်များကို လိုက်နာပါမည်ဟုလည်းကောင်း၊ ဤကျင့်ဝတ်များနှင့်အညီ ပြုမူဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ။..................................................

အမည် ။..................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ။...............................

ရက်စွဲ ။..................................................

ပူးတွဲ (ဃ-၁)

.................................... အဖွဲ့က

**တာဝန်ပေးခန့်အပ်ထားသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ**

**ဝန်ခံကတိပြုလွှာ**

ဓာတ်ပုံ

၁။　ကျွန်ုပ်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမည်ဖြစ်ပါသည်။

၂။　ကျွန်ုပ်သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့်သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်းနှင့် ဆက်စပ်ပတ်သက်သော မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိပါ။

၃။　ကျွန်ုပ်သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကိုပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် ကိုယ်ကျိုး ဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။　ကျွန်ုပ်သည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤကျင့်ဝတ်များနှင့်အညီ ပြုမူလိုက်နာ ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လက်မှတ်　။..............................................

အမည်　။..............................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ်　။............................

ရက်စွဲ　။..............................................

ပူးတွဲ(င)

**သက်သေခံကတ်ပြား(အလွတ်)များ လက်ခံရရှိကြောင်းပိုစံ**

သက်သေခံကတ်ပြား (အလွတ်) ............................. ကတ်အားလက်ခံရရှိပါသည်။ သက်သေခံ ကတ်ပြားများအား ရေးသွင်းဖြည့်စွက်ပြီးပါက စိစစ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရုံးတံဆိပ် ရိုက်နှိပ်ခြင်းများ ဆောင်ရွက်ရန် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်တင်သွင်းမည် ဖြစ်ပါသည်။ ပိုလျှံသည့်

သက်သေခံကတ်ပြား(အလွတ်)များနှင့် ပျက်စီးသွားသည့် သက်သေခံကတ်ပြားများအား စာရင်းဇယားနှင့်တကွ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ၊..........................................................

အမည် ၊..........................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၊.....................................

ဆက်သွယ်ရမည့် ဖုန်းနံပါတ် ၊..........................................

E-mail လိပ်စာ ၊..........................................................

အဖွဲ့အမည် ၊..........................................................

..........................................................

ရက်စွဲ ၊..........................................................

**ပူးတွဲ(စ)**

**၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ**

**......................................................... အဖွဲ့က**

**စောင့်ကြည့်လေ့လာသူဦးရေနှင့် လေ့လာခဲ့သည့်မဲရုံ မှန်ကန်ကြောင်းထောက်ခံစာ**

................................................................................................ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ လေ့လာရေးအဖွဲ့ဝင် .................. ဦးရေသည် ....................................................တိုင်းဒေသကြီး / ပြည်နယ်၊ ........................................................................... ခရိုင်၊ ........................................................မြို့နယ်၊ ........................................................................... ရပ်ကွက်/ ကျေးရွာအုပ်စုရှိ မဲရုံအမှတ်၊ ............. သို့ ရောက်ရှိလေ့လာခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

မဲရုံမှူး သို့မဟုတ် ဒုတိယမဲရုံမှူး

လက်မှတ် ၊..........................................................

အမည် ၊..........................................................

တိုင်းဒေသကြီး / ပြည်နယ် ၊.........................................

မြို့နယ် ၊..........................................................

ရပ်ကွက်/ကျေးရွာအုပ်စု ၊...........................................

..........................................................

မဲရုံအမှတ် ၊..........................................................

ရက်စွဲ ၊..........................................................

## ကြေညာချက်အမှတ် (၇၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

## ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် **ချင်းပြည်နယ်** အတွင်းရှိ ခရိုင်ကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **မတူပီခရိုင်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးသက်နိုင်စိုး နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | ခရိုင်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

( ခ ) **မင်းတပ်ခရိုင်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးတင်ထွန်း နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | ခရိုင်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

## ကြေညာချက်အမှတ် (၇၆/၂၀၂၅)

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် **ချင်းပြည်နယ်** အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၆) ခုကို ပူးတွဲပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

(ပူးတွဲ-၁)

### ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

**(က) ကန်ပက်လက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးသန့်ဇင်မိုး နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

(ပူးတွဲ-၂)

### ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

**( ခ ) တွန်းဇံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးသွင်းဇမ်းထန် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၁၀) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

(ပူးတွဲ-၃)

## ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

### ( ဂ ) ထန်တလန်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) | ဦးလင်လမ်နိုင်း　　နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

(ပူးတွဲ-၄)

## ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

### (ဃ) ဖလမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) | ဒေါ်ဆွီးလှေတီာလ်　　နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

(ပူးတွဲ-၅)

## ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

**( င ) မတူပီမြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးဝေလင်းဇော် နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

(ပူးတွဲ-၆)

## ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ

**( စ ) မင်းတပ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

| | | |
|---|---|---|
| (၁) | ဦးကျော်စိုးဦး နိုင်ငံ့ဝန်ထမ်း | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၆) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၉) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

## ကြေညာချက်အမှတ် (၇၇/၂၀၂၅)

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို

ကျင့်သုံးလျက် **မကွေးတိုင်းဒေသကြီး** အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၅) ခုကို ပူးတွဲပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

**(ပူးတွဲ-၁)**

**မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ**

(က) **ဆောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

| | | | |
|---|---|---|---|
| (၁) | ဒေါ်နွယ်နီအေး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (၈) | မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) | မြို့နယ်စာရင်းစစ်အရာရှိ၊ မြို့နယ်စာရင်းစစ်ရုံး | | အဖွဲ့ဝင် |
| (၁၀) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်ရွေးကောက်ပွဲအရာရှိ | | အတွင်းရေးမှူး |

**(ပူးတွဲ-၂)**

**မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ**

( ခ ) **ထီးလင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

| | | | |
|---|---|---|---|
| (၁) | ဦးခင်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၉၈၀/ ၂၀၂၅)**

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၂/ ခရစ်ရန်သင်းချိုင်းအကွက်)၊ ဦးပိုင်အမှတ် (၆၄) ရှိ **မြေဧရိယာ ၀.၁၆၂ ဧက** အား **သထုံမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၉၈၁/ ၂၀၂၅)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၈၄၃/ ဘဲရမ်းရွာကွင်း)၊ ဦးပိုင်အမှတ် (၉၅ᵍ)ရှိ မြေဧရိယာ ၀.၁၇ ဧက၊ ဦးပိုင်အမှတ် (၉၆ᵍ)ရှိ မြေဧရိယာ ၀.၂၂ ဧက **စုစုပေါင်းမြေဧရိယာ ၀.၃၉ ဧက** အား **ပုဂ္ဂလိကဆေးရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၄၅,၀၈၀/- ကျပ်ဖြင့် ဒေါက်တာ မြင့်ဦး [၁၀/ မဒန (နိုင်) ၀၁၂၁၄၀] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၉၈၂/ ၂၀၂၅)**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ဝဲဝန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၃၄၆ᵏ/ ကမာဖရုံတောင်အနောက်)၊ ဦးပိုင်အမှတ် (၁၃ᵃ/၂)ရှိ **မြေဧရိယာ ၁.၇၅ ဧက** အား **ဆန်စက်အဆောက်အဦ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၇၉၈,၀၀၀/- ကျပ်ဖြင့် ဦးဇော်လင်းထိုက် [၇/ ညလပ (နိုင်) ၁၇၈၈၀၈] ပါ (၃) ဦးသို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၈၃/ ၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲ ၁၈၀၇ ရဲမှူးကြီး ထွန်းအောင်ကျော် အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ မွန်ပြည်နယ် ရဲတပ်ဖွဲ့သို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာ (၉၈၅/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၂၀/ ပုလဲအင်းကွင်း)၊ မြေကွက်အမှတ် ( $\frac{354}{413}$ ) ရှိ မြေဧရိယာ ၈.၀၀ ဧကနှင့် ထောင်မှူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၅၁၄/ ကျီတီကွင်း)၊ မြေကွက်အမှတ် ( $\frac{1}{148}$ ) ရှိ မြေဧရိယာ ၁.၀၀ ဧက **စုစုပေါင်းမြေဧရိယာ ၉.၀၀ ဧက** အား **သထုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ အရာထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၉၈၆/ ၂၀၂၅)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၅၂၀/ ပုလဲအင်းကွင်း)၊ မြေကွက်အမှတ် ( $\frac{358}{413}$ ) ရှိ မြေဧရိယာ ၂၀.၈၄ ဧကနှင့် ထောင်မှူးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၅၁၄/ ကျီတီကွင်း)၊ မြေကွက်အမှတ် ( $\frac{1}{148}$ ) ရှိ မြေဧရိယာ ၂.၁၆ ဧက **စုစုပေါင်းမြေဧရိယာ ၂၃.၀၀ ဧက** အား **သထုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ အမှုထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၉၈၉/ ၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅၆/၂၀၂၅ ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲ ၁၉၀၁ ရဲမှူးကြီး ထွန်းနေဝင်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာနမှ ဌာနမှူး ရဲ ၁၉၀၁ ရဲမှူးကြီး ထွန်းနေဝင်း အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်၍ ငြင်းပယ်ထားသော (၄) လကို အသက် ၆၂ နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၉၉၂/ ၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၆) ဦးတို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၅၅၃၇၁ ဗိုလ်ကြီး သန့်ထူးဇင်
အမှတ် (၃၆၁) ခြေမြန်တပ်ရင်း

(၂) ကြည်း ၆၁၃၃၄ ဗိုလ်ကြီး အောင်ဆန်းဦး
အမှတ် (၄၉) ခြေလျင်တပ်ရင်း

(၃) ကြည်း ၆၂၁၉၃ ဗိုလ်ကြီး အောင်ထက်နောင်
အမှတ် (၂) ခြေလျင်တပ်ရင်း

(၄) ကြည်း ၆၇၂၁၄ ဗိုလ်ကြီး သော်တာဝင်း
အမှတ် (၆၀၁) ခြေမြန်တပ်ရင်း

(၅) ကြည်း ၆၇၄၂၁ ဗိုလ်ကြီး စိုးဇင်ငြိမ်း
အရန်အင်အား
အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၅၀၀) တွဲဖက်

(၆) ကြည်း ၇၈၃၇၅ ဗိုလ်ကြီး မောင်စန်း
အမှတ် (၄၀) ခြေလျင်တပ်ရင်း

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၉၃/ ၂၀၂၅)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစ၍ အကျဉ်းဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၇၅၂၃၀ ဗိုလ်ကြီး လှုံဖြိုးမောင်
အမှတ် (၆၀) ခြေလျင်တပ်ရင်း

(၂) ကြည်း ၇၆၂၅၁ ဗိုလ်ကြီး စိုးနေရှိန်း
အမှတ် (၃၀) ခြေလျင်တပ်ရင်း

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၈/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀၆/ တမ-၂/ ၁၅၅/ ၂/ ၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ရွှေ အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

အမှတ် ၁၅၈။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင် (ဥ/ ၂၁၈၁) အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ၆-၁၂-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှ

၅-၄-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၆-၄- ၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/ ၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယှဉ်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|
| ဒေါ်မြင့်မြင့်ခိုင်<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>တနင်္သာရီတိုင်းဒေသကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရခိုင်ပြည်နယ်ရုံး၊ ရုံးချုပ် (တွဲဖက်) |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁-၉-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၅/ ၁-၅/(၁၂၅၂) (စမဆ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/၂-၃/(၁၁၅၇)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၅-၉-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၉၉၂၃/ မပ (မြေတိုင်း)-၆(၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်း ကျေးရွာအုပ်စုအတွင်းရှိ အကွက်အမှတ် (၂)၊ ဧရိယာ ၂၁.၃၇ ဧကမှ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိပြီး ဧရိယာ ၁၀.၀၉ ဧကနှင့် **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ (Land at the Disposal of**

**Government)** အဖြစ် သတ်မှတ်ခွင့်ပြုခဲ့ပြီးဖြစ်သည့် ဧရိယာ ၃.၀၀ ဧက **စုစုပေါင်းဧရိယာ ၁၃.၀၉ ဧက** အား မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ် လည်းကောင်း၊ မကွေးမြို့နယ် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သရုပ်ပြ (၇) ဦးတို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၅) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက် ကထိကရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ခင်မျိုးသန့် | သရုပ်ပြ | လက်ထောက်ကထိက (အပင်မွေးမြူရေး) |
| ( ခ ) | ဒေါ်ဆုမြတ်သွင် | သရုပ်ပြ | လက်ထောက်ကထိက (မြေဆီလွှာနှင့် ရေသိပ္ပံ) |
| ( ဂ ) | ဒေါ်ဇင်မာစိုး | သရုပ်ပြ | လက်ထောက်ကထိက (အပင်ရောဂါဗေဒ) |
| (ဃ) | ဒေါ်သက်ဇင်နှင်းဝေ | သရုပ်ပြ | လက်ထောက်ကထိက (ကီမိလဗေဒ) |
| ( င ) | ဒေါ်ခြူးထက်နှင်း | သရုပ်ပြ | လက်ထောက်ကထိက (စိုက်ပျိုးစီးပွား) |
| ( စ ) | ဒေါ်လင်းစန္ဒာဦး | သရုပ်ပြ | လက်ထောက်ကထိက ( မွေးမြူရေး) |
| (ဆ) | ဒေါ်မျိုးစန္ဒာအောင် | သရုပ်ပြ | လက်ထောက်ကထိက (စိုက်ပျိုးရေးအင်ဂျင်နီယာ) |

၂။ ရာထူးတိုးမြှင့်ခန့်ထားသည့် အထက်ပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အရာထမ်းအခြေခံသင်တန်းသို့ အစောဆုံး စေလွှတ်တက်ရောက်နိုင်ရေးဆောင်ရွက်ပေးရန်နှင့် သင်တန်းတက်ရောက်ပြီးစီးမှု အခြေအနေအား မပျက်မကွက် ပြန်လည်တင်ပြရန် ဖော်ပြအပ်ပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ဒေသပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၉/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးဦးစီးဌာန၊ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာန်၊ ဒေသ |
|---|---|---|---|
| ၁။ | ဦးသန်းနိုင်ဦး<br>ဦးစီးအရာရှိ | မြို့နယ်ဦးစီးမှူး<br>အင်ဂျန်းယန်မြို့နယ်<br>ကချင်ပြည်နယ် | မြို့နယ်ဦးစီးမှူး<br>ဝိုင်းမော်မြို့နယ်<br>ကချင်ပြည်နယ် |

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာန်၊ ဒေသ |
|---|---|---|---|
| ၂။ | ဦးအေးမင်း<br>ဦးစီးအရာရှိ<br>ကချင်ပြည်နယ် | ခရိုင်မျိုးစေ့တာဝန်ခံ<br>ဗန်းမော်ခရိုင်<br>ကချင်ပြည်နယ် | မြို့နယ်ဦးစီးမှူး<br>အင်ဂျန်းယန်မြို့နယ် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၁/၂၀၂၅)
## ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၉/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်မြို့၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊စက်မှုတိုင်း(၁)၊ညွှန်ကြားရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးထွန်းရှိန် အား ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားပြီး မန္တလေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၄)၊ ညွှန်ကြားရေးမှူးရုံးသို့ တာဝန်ဝတ္တရား များ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၂၅)
## ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ၏(၉/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးပံသုကျော် အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့် ခန့်ထားပြီး မွန်ပြည်နယ်၊ မြေစာရင်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးအဖြစ် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၂၅)
## ဒေသပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၉/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၃) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာဝန်၊ ဒေသ |
|---|---|---|---|
| ၁။ | ဦးသန်းဝင်း<br>ညွှန်ကြားရေးမှူး | ပြည်နယ်ဦးစီးဌာနမှူး<br>မြေစာရင်းဦးစီးဌာန<br>ရှမ်းပြည်နယ် | ဌာနခွဲညွှန်ကြားရေးမှူး<br>ရုံးချုပ် (ကြေးတိုင်)<br>စီမံကိန်းနှင့်သုတေသနဌာနခွဲ |
| ၂။ | ဦးကျော်ဝင်း<br>ညွှန်ကြားရေးမှူး | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မြေစာရင်းဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | ပြည်နယ်ဦးစီးဌာနမှူး<br>မြေစာရင်းဦးစီးဌာန<br>ရှမ်းပြည်နယ် |

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာဝန်၊ ဒေသ |
|---|---|---|---|
| ၃။ | ဦးမင်းသိန်း<br>ညွှန်ကြားရေးမှူး | ပြည်နယ်ဦးစီးဌာနမှူး<br>မြေစာရင်းဦးစီးဌာန<br>မွန်ပြည်နယ် | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မြေစာရင်းဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၀/၂၀၂၅)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ၏(၉/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာသီတာ အား ညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားပြီး မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေး သုတေသနဌာနခွဲ တာဝန်ခံအဖြစ် တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ (၂) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဒေါ်ထူးထူးအောင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၃-၁၀-၂၀၂၅ ရက်နေ့မှ ၂၂-၂-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၃-၂-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

### စက်မှုဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစိုးရလက်ထက်တွင် စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မီဒီယာများမှ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားရန်၊ ပြည်သူများသိသင့်သိထိုက်သည့် သတင်း

အချက်အလက်များအား ထုတ်ပြန်နိုင်ရန်တို့အတွက် စက်မှုဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |
| (ဈ) | လက်ထောက်အတွင်းဝန်<br>ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး | တွဲဖက်အတွင်းရေးမှူး |

၂။ စက်မှုဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စက်မှုဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပြည်သူလူထုမှ နားလည်သဘောပေါက်စေရန် သတင်းထုတ်ပြန်ပေးခြင်း၊

(ခ) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်ရေးအတွက် သတင်းများကြိုတင်စုဆောင်းခြင်း၊

(ဃ) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြင်ပဋ္ဌထင်မြင်ယူဆလွဲမှားထွက်ပေါ်နေသည့် သတင်းများအပေါ် ပြန်လည်ချေပသည့်သတင်းမှန်များထုတ်ပြန်နိုင်ရေး အမြဲလေ့လာစောင့်ကြည့် သတင်းစုဆောင်း၍ ပြန်လည်သတင်းထုတ်ပြန်ရေး ဆောင်ရွက်ခြင်း၊

(င) သတင်းစုဆောင်းထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနရှိ ဦးစီးဌာန/ လုပ်ငန်းများနှင့်ချိတ်ဆက်၍ သတင်းရယူခြင်း၊

(စ) မီဒီယာအမျိုးမျိုးမှ စက်မှုဝန်ကြီးဌာနနှင့်ပတ်သက်၍ မမှန်မကန်ဖော်ပြနေမှုများ၊ ပြည်သူများ အထင်လွဲမှားစေနိုင်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းခြင်း၊

(ဆ) နိုင်ငံတော်သမ္မတအိမ်တော်မှ သတင်းထောက်အဖွဲ့၊ သတင်းထုတ်ပြန်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀) မြေကွက် (၆) ကွက်၊ ဧရိယာ ၀.၃၃ ဧကနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ် (၁၀၁၄၊ ၁၀၁၅) မြေကွက်(၂) ကွက်၊ ဧရိယာ ၀.၁၁ ဧက **စုစုပေါင်းမြေကွက် (၈) ကွက်၊ မြေဧရိယာ ၀.၄၄ ဧက** ရှိ အစိုးရမြေနေရာအား စိုက်ပျိုးရေးဦးစီးဌာန အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ စိုက်ပျိုးရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၀ | ၂၁၅၊ ၂၁၆၊ ၂၁၇ ၂၁၈၊ ၂၁၉၊ ၂၂၀ | ၀ | ၃၃ | |
| ရန်ကုန် တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၈ | ၁၀၁၄၊ ၁၀၁၅ | ၀ | ၁၁ | |
| **စုစုပေါင်း** | | | | ၀ | ၄၄ | |

၃။ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း၊ B.D.S

အနောက်လားသော် - လှော်ကားလမ်း

တောင်လားသော် - မြေကွက်အမှတ် (၂၁၄)၊ B.D.S

မြောက်လားသော် - လမ်း

**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - ပြည်ထောင်စုလမ်း

အနောက်လားသော် - လမ်း

တောင်လားသော် - မြေကွက်အမှတ် - ၁၀၁၆၊ B.D.S၊ ၁၀၁၇

မြောက်လားသော် - ရာဇာဓိရာဇ်လမ်း

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀) မြေကွက် (၆) ကွက်၊ ဧရိယာ ၀.၃၃ ဧကနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မြေကွက်အမှတ် (၁၀၁၄၊ ၁၀၁၅) မြေကွက်(၂) ကွက်၊ ဧရိယာ ၀.၁၁ ဧက **စုစုပေါင်းမြေကွက် (၈) ကွက်၊ မြေဧရိယာ ၀.၄၄ ဧက** ရှိ အစိုးရမြေနေရာအား စိုက်ပျိုးရေးဦးစီးဌာန အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၂၅)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄/ကံဘဲ့)၊ မြေကွက်အမှတ် ($\frac{၂-A}{A^{၁}}$)၊ မြေဧရိယာ ၀.၀၂၂ ဧက၊ မြေကွက်အမှတ် ($\frac{၂-A}{၅}$)၊ မြေဧရိယာ ၆.၆၁၁ ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ် (၃၇/ ကံဘဲ့)၊ မြေကွက်အမှတ် ($\frac{၃-က}{၅}$)၊ မြေဧရိယာ ၀.၅၆၀ ဧက၊ မြေကွက်အမှတ် ($\frac{၃-က}{၇}$)၊ မြေဧရိယာ ၃.၃၅၂ ဧက၊ မြေကွက်အမှတ် ($\frac{၃-က}{၉}$)၊ မြေဧရိယာ ၄.၅၃၂ ဧက **စုစုပေါင်းမြေဧရိယာ ၁၅.၀၇၇ ဧက** ရှိ အစိုးရမြေနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) မြေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ရန်ကင်း | ၈၄/ ကံဘဲ့ | $\frac{၂-A}{A^{၁}}$ | ၀ | ၀၂၂ | |
| ॥ | ॥ | ॥ | $\frac{၂-A}{၅}$ | ၆ | ၆၁၁ | |
| ॥ | ॥ | ၃၇/ ကံဘဲ့ | $\frac{၃-က}{၅}$ | ၀ | ၅၆၀ | |
| ॥ | ॥ | ॥ | $\frac{၃-က}{၇}$ | ၃ | ၃၅၂ | |
| ॥ | ॥ | ॥ | $\frac{၃-က}{၉}$ | ၄ | ၅၃၂ | |
| စုစုပေါင်း | | | | ၁၅ | ၀၇၇ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | – | မြေကွက်အမှတ် – ၃-က/၁၁၊ ၃-က/၄ |
| အနောက်လားသော် | – | မြေကွက်အမှတ် – ၂-A/၄ (ဆည်မြောင်းလမ်း)၊ ၂-A/A |
| တောင်လားသော် | – | မြေကွက်အမှတ် – ၂-A/၆ (ရေမြောင်း)၊ ၃-က/၁၀ ၊ ၃-က/၁၁ |
| မြောက်လားသော် | – | မြေကွက်အမှတ် – ၂-A/၄ (ဆည်မြောင်းလမ်း)၊ ၂-A/A ၊ ၂-ခ + ၃-က/၃ ၊ ၃-က/၄ ၊ ၃-က/၆ (ဆည်မြောင်းလမ်း) |

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄/ ကံဘဲ့)၊ မြေကွက်အမှတ် (၂-A/A၁)၊ မြေဧရိယာ ၀.၀၂၂ ဧက၊ မြေကွက်အမှတ် (၂-A/၅)၊ မြေဧရိယာ ၆.၆၁၁ ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ် (၃၇/ ကံဘဲ့)၊ မြေကွက်အမှတ် ( ၃-က/၅ )၊ မြေဧရိယာ ၀.၅၆၀ ဧက၊ မြေကွက်အမှတ် ( ၃-က/၇ )၊ မြေဧရိယာ ၃.၃၅၂ ဧက၊ မြေကွက်အမှတ် (၃-က/၉ )၊ မြေဧရိယာ ၄.၅၃၂ ဧက **စုစုပေါင်းမြေဧရိယာ ၁၅.၀၇၇ ဧက** ရှိ အစိုးရမြေနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အသုံးပြုရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၅၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

**ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးသန်းထူးအောင်<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>လမ်းဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဦးကိုကိုအေး<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>အဆောက်အဦဦးစီးဌာန | တွဲဖက်ခေါင်းဆောင် |
| ( ဂ ) | ဦးရန်နောင်<br>လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်သူရ<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးသူရိန်ထွန်း<br>ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါ်မျိုးသီတာထွန်း<br>ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ဦးကျော်နိုင်ဌေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဦးသီဟစိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဒေါ်နုနုကြည်<br>လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)<br>အဆောက်အဦဦးစီးဌာန — အဖွဲ့ဝင်

(ည) ဒေါ်ပပသွင်<br>လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)<br>လမ်းဦးစီးဌာန — အဖွဲ့ဝင်

(ဋ) ဦးမြင့်လွင်ထွေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဌ) ဦးအာကာလွင်ဦး<br>ဦးစီးအရာရှိ<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဍ) ဒေါ်ဝင့်ဝါထက်<br>ဦးစီးအရာရှိ<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(ဃ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(င) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) ကို ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား သတင်းထုတ်ပြန်ရန်၊

(ဆ) အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများသို့ အဖွဲ့ငယ်များစေလွှတ်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်း စသည်ဖြင့် အသိပညာပေးဖြန့်ဝေဆောင်ရွက်ရန်၊

(ဈ) ဝန်ကြီးဌာန၏ သင်တန်းကျောင်းနှင့် သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ် (၁) ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘောသဘာဝခြင်းတူညီသော အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဋ) CPU အဖွဲ့၏ဆောင်ရွက်ချက်များကိုပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ လစဉ်အစီရင်ခံတင်ပြပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ အစီရင်ခံစာ မိတ္တူပေးရန်၊

(ဌ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၅)**

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါစာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါ အရာထမ်း (၁၆) ဦးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲပါရာထူးများဖြင့် ခန့်ထားလိုက်ပြီး ကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တွဲဖက်တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | မူလတပ်ရင်း | ခန့်အပ်သည့်ရာထူး၊ လစာနှုန်း | ပေးအပ်သည့် ကိုယ်ပိုင်အမှတ် |
|---|---|---|---|---|
| ၁။ | ဗိုလ်မှူး မင်းဗိုလ်ဗိုလ်ဇော် ကြည်း ၄၀၀၈၈ | အမှတ်(၅)စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် | ဌာနခွဲမှူး (လက်ထောက် ညွှန်ကြားရေးမှူး) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | မစ-၂၃၁၄ |
| ၂။ | ဗိုလ်မှူး ကျော်ထင် ကြည်း ၄၃၉၀၅ | အမှတ် (၁)အင်အား ဖြည့်တင်းရေးနှင့်ပြန်လည် နေရာချထားရေးတပ် | ဌာနခွဲမှူး(လက်ထောက် ညွှန်ကြားရေးမှူး) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | မစ-၂၃၁၅ |
| ၃။ | ဗိုလ်မှူး ရဲမင်းသူ ကြည်း ၄၆၅၀၃ | အမှတ်(၂၅၈) ခြေလျင် တပ်ရင်း | ဌာနခွဲမှူး(လက်ထောက် ညွှန်ကြားရေးမှူး) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | မစ-၂၃၁၆ |
| ၄။ | ဗိုလ်ကြီး စိုးအောင် ကြည်း ၄၅၇၇၂ | အမှတ် (၁၂) ခြေလျင် တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၇ |
| ၅။ | ဗိုလ်ကြီး ကျော်ဇင်ဦး ကြည်း ၅၃၃၁၀ | အမှတ် (၁၁) ခြေလျင် တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၈ |
| ၆။ | ဗိုလ်ကြီး ဇင်မင်းသူ ကြည်း ၅၆၁၁၇ | အမှတ် (၃၁၉) အမြောက် တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၉ |
| ၇။ | ဗိုလ်ကြီး ကျော်ရဲသူ ကြည်း ၅၇၀၀၃ | အမှတ် (၇၀၄) ခြေမြန် တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၀ |
| ၈။ | ဗိုလ်ကြီး ကျော်ထက်ဝင်း ကြည်း ၅၉၅၁၀ | အမှတ် (၃၃၄) ခြေမြန် တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၁ |
| ၉။ | ဗိုလ်ကြီး ခန့်ဇင်ဟိန်း ကြည်း ၆၁၄၉၁ | အမှတ် (၁) အင်အား ဖြည့်တင်းရေးနှင့်ပြန်လည် နေရာချထားရေးတပ် | ဌာနစုမှူး (ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၂ |
| ၁၀။ | ဗိုလ်ကြီး ပြည့်ဖြိုးထက် ကြည်း ၆၁၄၉၆ | အမှတ် (၁၂) တပ်မတော် တန်းမြင့်လေ့ကျင့်ရေး ကျောင်း | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၃ |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | မူလတပ်ရင်း | ခန့်အပ်သည့်ရာထူး၊ လစာနှုန်း | ပေးအပ်သည့် ကိုယ်ပိုင်အမှတ် |
|---|---|---|---|---|
| ၁၁။ | ဗိုလ်ကြီး ညီညီထွန်း ကြည်း ၆၇၂၂၂ | တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၄ |
| ၁၂။ | ဗိုလ်ကြီး ကျော်ဇောဟိန်း ကြည်း ၇၉၁၁၅ | အမှတ် (၉၀၈)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၅ |
| ၁၃။ | ဗိုလ်ကြီး ဇော်ဇင်ဘို ကြည်း ၅၂၆၀၀ | အမှတ် (၉)ခြေမြန် တပ်ရင်း | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၆ |
| ၁၄။ | ဗိုလ်ကြီး ဒီပါ ကြည်း ၅၄၃၆၁ | အမှတ် (၄၀၄)ခြေမြန် တပ်ရင်း၊ တပ်မတော် အရိုးရောဂါ အထူးကု ဆေးရုံကြီး (ခုတင်-၅၀၀) တွဲဖက် | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၇ |
| ၁၅။ | ဗိုလ်ကြီး ကျော်မျိုးထွန်း ကြည်း ၆၁၆၅၆ | အမှတ် (၅၈၄)ခြေမြန် တပ်ရင်း | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၈ |
| ၁၆။ | ဗိုလ်ကြီး မျိုးထက်လင်း ကြည်း ၇၄၈၅၂ | အမှတ် (၅၈၄)ခြေမြန် တပ်ရင်း | ဌာနစုမှူး(ဦးစီးအရာရှိ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၂၉ |

ဗိုလ်ငွေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်အမှတ် (၃၅/၂၀၂၅)**

ပုသိမ်မြို့၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၅) အရ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များမှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၁၈) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူးနှင့် မူလဒေသ | တိုးမြှင့်ခန့်ထားသည့် ရာထူး |
|---|---|---|
| (က) | ဒေါ်ကေထူးနွယ် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ခ) | ဒေါ်ဟန်နီကျော်စိုး အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ဂ) | ဒေါ်မြတ်ဦးထက်လှိုင် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |

| စဉ် | အမည်၊ မူလရာထူးနှင့် မူလဒေသ | တိုးမြှင့်ခန့်ထားသည့် ရာထူး |
|---|---|---|
| (ဃ) | ဒေါ်နှင်းဝေလွင်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( င ) | ဦးစည်သူထွန်း<br>အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)<br>ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( စ ) | ဒေါ်ချစ်စုကျော်စွာ<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ကျောင်းကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ဆ) | ဒေါ်ဖြူဖြူသန်း<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဇ ) | ဦးဇေယျာထက်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)<br>ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဈ ) | ဦးရဲလင်းကို<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ည) | ဦးသက်ထူးအောင်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)<br>မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဋ ) | ဒေါ်ယုစန္ဒာဆွေ<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဌ ) | ဒေါ်ဝင်းသန္တာချို<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဍ ) | ဒေါ်နှင်းသဇင်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဎ ) | ဦးဇော်ရှိုင်း<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ဟိုင်းကြီးကျွန်းမြို့စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ဏ) | ဦးမင်းဇော်ဦး<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (တ) | ဦးသက်ဦးမောင်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| (ထ) | ဦးနိုင်ဇော်ထွဋ်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)<br>မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |
| ( ဒ ) | ဦးတင်မျိုးထွဋ်<br>အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)<br>ရွှေသောင်ယံမြို့စည်ပင်သာယာရေးအဖွဲ့ | လက်ထောက်အင်ဂျင်နီယာ |

တင်မောင်ဝင်း
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

**ရုံးအမိန့်အမှတ် (၁၂၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင် အား ခံစားခွင့်ပြုရန် လျှောက်ထားလာသည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ (၁၄–၁၀–၂၀၂၅ ရက်မှ ၁၃–၂–၂၀၂၆ ရက်အထိ) ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမြဲတမ်းအတွင်းဝန် (ကိုယ်စား)<br>
မြတ်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

အမှတ် ၂၀၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

သက်မျိုး ကြည်း ၈၁၅၁၆

အမှတ် ၂၀၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စိုးနိုင် ကြည်း ၈၁၅၁၇

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

အမှတ် ၂၀၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်ကျော်စိုး ကြည်း ၈၁၅၁၈

အမှတ် ၂၁၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

အောင်လင်း ကြည်း ၈၁၅၁၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၀၄၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၂၅) ၌ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ ဦးစီးမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်နိုင်နိုင်ခင် | ဦးစီးမှူး<br>သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်မှု<br>သင်တန်းဆိုင်ရာအကဲဖြတ်ဌာန | ဦးစီးအရာရှိ<br>သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်မှု<br>သင်တန်းဆိုင်ရာအကဲဖြတ်ဌာန |
| ( ခ ) | ဦးမိုးကျော်ဇင် | ဦးစီးမှူး<br>နိုင်ငံတကာပညာရေးပူးပေါင်း<br>ဆောင်ရွက်ခြင်းဆိုင်ရာ<br>အကဲဖြတ်ဌာန | ဦးစီးအရာရှိ<br>နိုင်ငံတကာပညာရေးပူးပေါင်း<br>ဆောင်ရွက်ခြင်းဆိုင်ရာ<br>အကဲဖြတ်ဌာန |

ဒေါက်တာ ကျော်ဆန်းဝင်း
ညွှန်ကြားရေးမှူးချုပ်
လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၂၁-၁၁-၂၀၂၅။